# သခင့်စကား

## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်

**မှန်သော စကားသည် တန်ခိုးကြီး၏ ။**


သင်တို့ ကဲ့ရဲ့သော စကားသည် အဘယ်မှာ နေရာကျသနည်း ။

*ယောဘ ၆း ၂၅*


အမှတ်စဉ် (၁၄၆) အောက်တိုဘာလ ၂၀၁၃ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

### ကိုယ်တော်နှင့်သာ

*သဲမြတ်မွန်*



လူကို အားကိုး ၊ ဘာလုပ်ရမည်နည်း။ လူကိုသာ ချစ် ၊ အမုန်းခံရမည်။
လူနှင့်သာသွား ၊ အမှောင်လမ်းမှာ နေ့စဉ်ရက်များ ၊ ပျော်ရွှင်မည်လား။
ကိုယ်တော်ကို အားကိုး ၊ အကျိုးရှိမည်။ ကိုယ်တော်ကိုချစ် ၊ ချစ်တတ်စိတ် ရှိမည်။
ကိုယ်တော်နှင့်သွား ၊ အလင်းလမ်းမှာ နေ့စဉ်ရက်များ ၊ ပျော်ရွှင်မည်သာ။
ကျန်ရှိနေ့ရက် ၊ ကာလအချိန်များကို - - ကိုယ်...တော်...နှင့်...သာ...။



-----------------------------------------------------------------------

### နောင်တလည်ပြန်

*ကြယ်လေးငယ် ( မော်ဘီ ) တပ်ကြီးကုန်း အသင်းတော်*

သမ္မာကျမ်းစာဖတ်ဖို့ ပျင်းတဲ့ငါ သွန်သင်ခြင်းတွေနဲ့ဝေးခဲ့ရပြီ
ဘုရားကျောင်းနဲ့လည်း ဝေးလို့ငါလေ ရောက်ချင်ရာရောက် လမ်းပျောက်ခဲ့ရလေပြီ။
လျှောက်ချင်သလို လျှောက်ရင်း ချောက်ကမ်းနား ရောက်တော့မှဘဲ
သခင်... သခင်လို့ ခေါ်မိတော့။ ငါ့ကိုခေါ်လော့ ငါထူးမည် ဆိုတဲ့ သခင်က
ငါ့ရဲ့ နောင်တနဲ့ အပြန်လမ်းကို ကြိုနေလေရဲ့ ... ။
ငါလေ - ပျင်းရိခြင်းကို မောင်းထုတ် နောင်တနဲ့အတူ
ခြေလှမ်းတွေကို နောက်ဆုတ်လိုက်တော့
ငါ့ရဲ့ လှည့်ပြန် အကြည့်မှာ...နွေးထွေးတဲ့ သခင့်လက် တစ်စုံရယ်
ဗိမာန်တော်က ခေါင်းလောင်းသံတွေ ဆူဝေလို့ပေါ့...။



-----------------------------------------------------------------



### သက်သေခံချက် *(အမည်မသိ)*

ကျွန်မက ကချင်ပြည်နယ်သူလေးပါ။ ၂၀၁၁ ခုနှစ်မှာ စင်္ကာပူကို ရောက်ပါတယ်။ နေရာတကာ လိုက်ကြည့်ပြီး သေးသေးမွှားမွှား ကိစ္စတွေက အစ လိုက်ပြီး အပြစ် တင်တတ်တဲ့ အိမ်ရှင်နဲ့တွေ့ခဲ့ပါတယ်။ ကျွန်မလည်း အမှားမရှိအောင် အမြဲတမ်း သတိထားပြီး လုပ်ပါတယ်။ ဒါနဲ့ စင်္ကာပူရောက်ပြီး ၁ လကျော်အထိ ဓမ္မတာ မဆင်း ဘူး။ ကျွန်မလည်း စောင့်နေရင်းနဲ့ ၃လပြည့်တဲ့ အထိလည်း မဆင်းတော့ အိမ်ရှင်မကို ပြောပြလိုက်တယ်။ အိမ်ရှင်မက ပြောပါတယ်။ နင် စိတ်ဖိအား များလို့လည်း ဖြစ်နိုင် တယ်။ ပြီးတော့ နေရာပြောင်းလို့လည်း ဖြစ်နိုင်တယ်။ စိတ်မပူနဲ့၊ ဆင်းမှာပါ ဆိုပြီး ပြောပါတယ်။ ဒါနဲ့ ၆လ ပြည့်တဲ့ အထိလည်း မလာတော့ ၆လ တစ်ကြိမ် သွေးစစ်ဖို့ သွားတဲ့အခါ ဆရာဝန်ကို မေးကြည့်ပေးဖို့ အိမ်ရှင်မကို ပြောလိုက်တယ်။ ဆရာဝန်က သူ့ စိတ်ဖိအားများလို့ ဖြစ်တာဆိုပြီး ပြောပါတယ်။ ကျွန်မလည်း ကြောက်ပြီး ဘုရား ဆီမှာ အပြင်းအထန် ဆုတောင်းတော့တာပါပဲ။ ဆေးခန်း ပြစရာ မလိုဘဲ ဓမ္မတာ ဆင်းခဲ့ရင် အများသိအောင် သက်သေခံပါမယ်လို့ ကတိ ပေးခဲ့ပါတယ်။ အံ့သြစရာ ကောင်းလောက် အောင်ပါပဲ။ ၇လ ပြည့်ပြီး ၅ရက်နေ့မှာ ဓမ္မတာ ဆင်းခဲ့ပါတယ်။ ဂမ်းသာလွန်းလို့ Thanks God လို့ အကြိမ်ကြိမ်ပြောလိုက်ပါတယ်။ အကြွင်းမဲ့ ယုံကြည်ပြီး ဆုတောင်းကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ (မှတ်ချက် .... အိမ်ရှင်မက ဆေးခန်းပြရင် ပိုက်ဆံ အရမ်းကုန်တယ်ဆိုပြီး တခါမှ ဆေးခန်းခေါ် မသွားခဲ့ပါဘူး။)



-------------------------------------------




### ၂၁ ရာစုရဲ့ စင်ဒရယ်လား *(ရှား)*

သူငယ်ချင်းများကို ပုံပြောပြချင်တယ်။ ဟိုအရင်က စင်ဒရဲလား ပုံပြင်လေး ကြားဖူးကြမှာပေါ့။ သူမဟာ အိမ်ဖော် မလေးပေါ့ ရွှေမင်းသားရဲ့ ဖူးစာ ဖက်ကို နန်းတော်ကြီး ထဲမှာ ရွေးချယ်ဖို့ သတို့သမီးလောင်းတွေခေါ်လို့ ရှာဖွေရင်း တနေ့ စင်ဒရဲလားလေး ကြားတော့ သူလည်းသွားချင် ရှာရော။ နန်းတော်ကြီးဟာ ကြီးကျယ် ခမ်းနားတဲ့ မီးရောင်စုံတွေနဲ့မို့ဆွဲဆောင်မှုတွေ အပြည့်ပေါ့။ ဒါပေမဲ့ စင်ဒရဲလား ခွင့်မရရှာပါဘူး။ စိတ်ဓာတ် ရေးရာ ဆင်းရဲနေသော အိမ်ရှင်ကြောင့်ပေါ့။ ဒါကြောင့် သူက ညဘက်ကျမှ ခိုးထွက်ရှာသတဲ့ကွယ်။ ဒီလိုနဲ့ ရွှေမင်းသားရဲ့ ကပွဲလည်း ရောက်ရော နန်းတော်ထဲမှာ ရှိတဲ့ သတို့သမီးလောင်းတွေ ကြားထဲဝင်လာတော့ မင်းသားလေးရဲ့ စိတ်တော် တွေ့တာနဲ့ ဟို - ကြည့်စမ်း အရမ်းပြင်ဆင်တတ်တဲ့ အရမ်းလှပ ချောမောတယ်လို့ ချီးမွမ်း လိုက်တော့ အခြား သတို့သမီးတွေက မနာလိုဝန်တိုစွာနဲ့ သူ့ကို အကောက်ကြံပြီး သူ့ရဲ့ အဝတ်အစားတွေကို လုယူ ဖျက်ဆီး ကြလေရဲ့။ စင်ဒရဲ လားလေးဟာ နမြော တသစွာနဲ့ ငိုကြွေးနေတုန်း နတ်သမီးတစ်ပါးက သနားဂရုဏာ သက်ဝင်ပြီး မင်းလို တာ ဖြစ်စေမယ်လို့ ကူညီရှာတယ်။

ဒီလိုနဲ့ အဆပေါင်းများစွာ သာတဲ့ အဝတ်တွေ ဖန်ဆင်းပေးတော့ သူဟာ ကပွဲကို ပြန်လည်သွားရောက်နိုင်ခဲ့တယ်။ ရွှေမင်းသားလေးနဲ့ စင်ဒရဲလားဟာ ပျော်ရွှင်မြူး တူးစွာနဲ့ အိမ်ပြန်ချိန်ကို မေ့သွားတဲ့ အထိဖြစ်သွားကြပါတယ်။ စင်ဒရဲလားနဲ့ နတ်သမီး အကြားမှာ ကတိတစ်ခုက ညသန်းခေါင်း ၁၂ နာရီ မကျော်ခင် အဝတ်အစားတွေကို နတ်သမီးကို ပြန်အပ်ရမယ်။ ဒါကို စင်ဒရဲလား သတိရလို့ နန်းတော်က ကမန်းကတမ်း ပြေးထွက်ရင်း သူ့ရဲ့ ဖိနပ်လေး ကျွတ်ကျ ကျန်ရစ်ခဲ့ပါလေရော။ မင်းသားလေးလည်း နောက်က လိုက်ခေါ်ရင်း ဖိနပ်လေးကို တွေ့လို့ သူပြန်လာယူမယ်ထင်ပြီး သိမ်းထား တယ်။ ဒါပေမဲ့ စင်ဒရဲလားလေး ပြန်မလာနိုင်တော့ဘူး။ အိမ်ရှင်တွေလည်း သိ သွားတော့ ဆူပူ ကြိမ်းမောင်း ထိုးနက်ကြတာပေါ့။ မျှော်သာမျှော် ပေါ်မလာတဲ့ စင်ဒရဲ လားလေးကို ဖိနပ်လေးနဲ့ ရွှေမင်းသား ရှာပုံတော် ထပ်ဖွင့်ရပြန်လို့ တနေ့တော့ ရှာဖွေ တွေ့ရှိခဲ့လို့ ဇာတ်သိမ်းခန်းမှာ စင်ဒရဲလားလေးဟာ မင်းသားလေးရဲ့ ကြင်ယာ ဖက် အဖြစ် စံမြန်းကောင်းစားသွားခဲ့ပါလေရောကွယ်။

ဒီပုံပြင်လေးဟာ ရိုးသားဖြူစင်သော နှလုံးသား ပိုင်ရှင်မို့ အနိမ့်ဆုံးမှ အမြင့်ဆုံး သို့ရောက်ရှိသွား နိုင်တယ်။ လူ့ဘဝ ဆိုတာ နိမ့်တလှည့် မြင့်တလှည့်ပါ။ ကိုယ်ရောက် နေတဲ့ နေရာဟာ ကောင်းတယ်လို့ ယူဆရင် ပြေလည်မှာပါ။ စင်ဒရဲလားလေးဟာ သူ့မှာ ဘယ်လောက် ရိုးသားသလဲ။ အဲဒီ ကပွဲကို သွားလိုတာက ပစ္စည်း ဥစ္စာ မက်လို့ မဟုတ်ဘူး။ ကြီးကျယ် ခမ်းနားလှတဲ့ နန်းတော်ကို ရောက်ဖူးချင်တာရယ်။ ဗဟုသုတ ရလိုတာရယ်။ သူ့ရဲ့ မုသားမပါတဲ့ ရိုးသားမှုကြောင့် ဒီဘဝကို သူပိုင်ဆိုင် သွားတယ်။ ထိုအတူ သူငယ်ချင်းများအားလည်း အနာဂတ်အတွက်၊ မိဘအတွက်၊ မိသားစု အတွက်တွေကြောင့် ရိုးသားကြိုးစားနေတာ ဘုရားသခင်သိနေတယ်။ လူ့အောက်ကျို့ လို့ မသေနိုင်ဘူး။ သစ်ပင်အောက် ကျရင် သေနိုင်တယ်။ ပြုံလဲ ကြွေကွဲခြင်းတွေနဲ့ အစပြုခဲ့ရပေမဲ့ ရယ်မော ကြည်နူးခြင်းတွေနဲ့ အဆုံးသတ်ကြမယ်။ စင်ဒရဲလားလေးရဲ့ ဖြူစင်မှုကြောင့် နတ်သမီးတစ်ပါး ဖြစ်နိုင်သလို တို့တတွေလည်း ရိုးသားဖြူစင်မှုကြောင့် အရာရာအားလုံးကို ပိုင်သ အုပ်စိုးတဲ့ ဘုရားသခင်ရဲ့ ကောင်းကြီးပေးမှုကို ရရှိနိုင် တယ်။ ဆာလံကျမ်း ၃၇း၅။ အမြတ်တော်သည် ခဏထွက်၏။ ကျေးဇူးတော်မူကား တသက်လုံးတည်၏။ ညဦးယံ၌ ငိုကြွေးခြင်းသည် လာ၍ တည်းခို၏။ နံနက်ယံ၌ မူကား သီချင်းဆိုရသော အခွင့်ရှိ၏။ ကဲ သူငယ်ချင်းများ အားလုံးကို အဖြူစင်ဆုံးနဲ့ အရိုးသား ဆုံးနဲ့ နာမည်ပေးချင်တာကတော့ (၂၁ရာစုရဲ့ စင်ဒရဲလားလေးများ ) သက်ဆိုင်သူများ ခွန်အားရပါစေ...။

သူငယ်ချင်းများရဲ့ သူငယ်ချင်း - ***ရှား***



-------------------------------------------------------------

### သက်သေခံချက် *Mary ( Yangon )*

ရှေ့ဦးစွာ ကြီးမားလွန်းလှတဲ့ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ရေတွက်၍ ဂုဏ်ခံ ချီးမွမ်းပါတယ်။ သခင့်စကား အယ်ဒီတာနဲ့အတူ လုပ်ဖော်ဆောင်ဖက်များ အားလုံး ကို အထူး ကျေးဇူးတင်ပါတယ်။ ကျမ ကျေးဇူးတော်ကြောင့် တတိယ အကြိမ်မြောက် သက်သေခံခွင့်ရခြင်း ဖြစ်ပါတယ်။ ကျမ သက်သေခံချင်တာကတော့ ကျမ မြန်မာပြည်မှ စင်္ကာပူကို တက်လာတော့ အမျိုးသားက မြန်မာပြည်မှာ ကျန်ခဲ့ ပါတယ်။ တခါ နှစ်ခါ ကျမဆီ ဆက်သွယ်ပြီးနောက် လုံးဝပေါ်မလာတော့ဘူး။ သူ ဘာလုပ်နေလဲ ကျမ မသိရဘူး။ စိတ်ပူပြီး သူရှိရာသို့ ကြိုးစားပြီး ဆက်သွယ်သော် လည်း တစ်ခါမှ မကြားရဘူး။ ဒီမှာရှိတဲ့ သူ့ညီအစ်ကိုတွေလည်း သူ့ကို ဘယ်လိုမှ ဆက်သွယ်လို့ မရဘူး။ ဒါကြောင့် ကျမ ပိုပြီးတော့ စိတ်ပူလာတယ်။ ကျမ အထူး ဆုတောင်းတယ်။ ဒီတခါ သူ့ဆီ ဖုန်းမခေါ်ခင် တကယ်လို့ ကျမ အမျိုးသားနဲ့ စကား ပြောရပြီး သူကျန်းမာစွာ ရှိနေတယ်လို့ သိရရင် သခင့်စကားမှာ သက်သေခံပါ့မယ်လို့ ဘုရားကို ကတိပေးလိုက်ပါတယ်။ ဒီလို ဆုတောင်းပြီး ကျမ ဖုန်းခေါ်လိုက်တယ်။



သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်။ အမှတ်စဉ် ၁၄၆ အောက်တိုဘာလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဘုရားသခင်ဟာ အရမ်းဘဲ ကောင်းမြတ်ပါတယ်။ ကျမ သူနဲ့ ကောင်းမွန်စွာ စကားပြောခွင့်ရခဲ့တယ်။ ကျမ အမျိုးသားလည်း ကျန်းမာစွာ ရှိနေကြောင်း သိရတယ်။ ဘုရားရှင် ဟာ ကျမ ဆုတောင်းသံကို နားညောင်း သက်သေထူ ခဲ့ပါတယ်။ ဒါကြောင့် ကျမ ဘုရားသခင်ကို ကတိပေးထားတဲ့အတိုင်း သခင့်စကား စာစောင်မှာ သက်သေခံ ဝေမျှ လိုက်ပါတယ်။ အားလုံးအပေါ် ဘုရားသခင် ကောင်းကြီး ပေးပါစေ.. ။ Mary

------------------------------------------------------------

## ကောင်းကင်ရတနာလေးများ *( Po law eh )*

လုကာ ၁၈း၁၆ သူငယ်တို့ကို ခေါ်တော်မူ၍ ငါ့ထံသို့လာပါစေ။ မတားဆီးကြနှင့်။ ဘုရားသခင်၏ နိုင်ငံတော်သည် ထိုသို့သော သူတို့သော သူတို့၏ နိုင်ငံဖြစ်၏။



ကလေး ဆိုသည်မှာ။ လိုချင်တာကို မရ ရအောင် တောင်းတတ်တယ်။ တောင်း လို့ ရရင် အိပ်ပျော်ကြတယ်။ မရရင် ငိုတယ် အတူတူ ကစားရင်းနဲ့ ရန်ဖြစ်တယ်။ ခဏ နေရင် ပြန်တည့်တယ်။ အမှားတစ်ခုခု လုပ်မိပြီဆိုရင် သူတို့လေးတွေ ခများ ကြောက်ကြလွန်းလို့ မျက်နှာငယ်လေးနဲ့ သူ့ရဲ့ အမှားအတွက် ခွင့်လွှတ်ပါ ဆိုတဲ့ သဘောနဲ့ ပြုလုပ် တတ်ကြတယ်။ မှန်တာကိုလည်း ပြောတတ်သလို၊ ခွင့်လွှတ်တတ်တဲ့ စိတ်လည်း ရှိကြတယ်။ လူကြီး မိဘတွေကို တယောက်နဲ့တယောက် ပြန်လည် သင့်မြတ်အောင် ပြုလုပ်ပေးတဲ့ အစွမ်းအစလည်း ရှိကြတယ်။ သူတို့ ထင်ထားတဲ့ ကောင်းတာလေး တခုခုလုပ်ပြီဆိုရင် လူကြီးတွေဆီက ချီးမွမ်း၊ အားပေး စကားလေးများး ကြားချင်ကြတယ်။ ဒီလို ချီးမွမ်းတဲ့ စကားကြားရပြီဆိုရင် သူတို့လေးတွေ သိပ်ပျော်ကြတယ်။ သူတို့ကိုယ် သူတို့ အထင်ကြီးတတ်ကြတယ်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု စွမ်းရည် လည်း မြင့်မားလာတယ်။ ဒါပေမဲ့ ဒီလို ချီးမွမ်းစကား မကြားရပဲ လူကြီးတွေရဲ့ ကဲ့ရဲ့ တာကို ခံရရင်တော့ဖြင့် ရှက်စိတ် ကလေးနဲ့ အတူ ဂမ်းနည်းပြီး စိတ်ပျော့ တတ်လာကြတယ်။ လွန်ခဲ့တဲ့ ၁၂နှစ်ကျော် လောက်ကပေါ့။ ကျွန်မ ဂမ်းကွဲမောင် တစ်ယောက် ရှိတယ်။ တခါတလေ ဘုရားကျောင်းက လူကြီး တွေက သူ့အမေကို ဆုတောင်း ခိုင်းတယ်။ သူ့အမေက စပြီး ဆုတောင်းတာနဲ့ သူ့အမေ ပါးစပ်ကို သူ့လက်နှစ်ဘက်နဲ့ ပိတ်ပစ်လိုက်တယ်။ သူ့ အမေကို ဆုမတောင်း ခိုင်းဘူး။ တနည်းအားဖြင့် ပြောရရင် စကားမပြောခိုင်းဘူးပေါ့။ ဘာဖြင့်လိုလဲဆိုတော့ သူ့မှာ ကြောက်စိတ်တွေ ရှိနေတယ်။ သူ့အမေက ထပြီး ဘာလုပ်နေလဲ၊ ဘာပြောနေလဲ၊ သူ့ကိုလည်း လှည့်မကြည့်တော့ သူ့အမေကို သူ့အနားမှာ ပြန်ထိုင်ခိုင်းအောင် လုပ်နေတာ။ တခါတလေ သူ့အမေ ဆုတောင်း မဆုံးဘူး။ အဆုံးသတ်ခဲ့ရတယ်။ တခါကပေါ့ CE မှာ ကလေးများ အစီ အစဉ် ယူရမည့် အလှည့်ရောက်လာတော့ သူ့ကို တာဝန် တစ်ခု ပေးထားတယ်။ သူတစ်ခါမှ စင်ပေါ် မတက်ဖူးဘူး။ ဒါပေမဲ့ သူကျင့်ထားလို့ ရကုန်ပြီ။ အဲဒါနဲ့ သူ့အလှည့်ရောက်တော့ စာအုပ် ကလေးကိုင်ပြီး "အမှတ်စဉ် ၃" လို့ သူဖတ်ပြီးတဲ့ အချိန်မှာ ပရိသတ်တွေဆီက အားပေးသံနှင့်အတူ ရယ်သံတွေ ကြားရတော့ သူ့ခများ ကြောက်စိတ်တွေနဲ့ အတူတူ တစ်ခုခုမှားလို့ ပရိတ်သတ်များ သူ့ကို သရော်တာလားပေါ့။ အဲဒါနဲ့ သူစိတ်ဆိုးပြီး သူကိုင်ထားတဲ့ စာအုပ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချပြီး အော်ငို ပစ်လိုက်တယ်။ တခါတလေတော့ ကျွန်မတို့ လူကြီးတွေလည်း ကလေးတွေရဲ့ လိုအင်ဆန္ဒ၊ အတွေး လေးတွေကို လျစ်လျူရှု ထားကြတယ်။ သူတို့ ခများမှာတော့ ကိုယ်က အကောင်းဆုံး လုပ်ထားရဲ့သားနဲ့ ဘာဖြစ်လို့ ချီးမွမ်းခြင်း မခံ ရသလဲလို့။ စိတ်အားငယ်ပြီး တွေးတတ် ကြတယ်။ သူတို့ အမှားလုပ်ခဲ့ရင်လည်း သူတို့ပြန်ပြီး ဂန်ခံတတ်ကြတယ်။ ကိုယ်က မှားပြီ ဆိုရင်လည်း သူတို့ကို ပြန်တောင်းပန်မှ သူတို့ ကျေနပ်တယ်။ တခါက ကျွန်မ နေတဲ့ အိမ်ရဲ့ ကလေးတယောက် ကစားနေတဲ့ အချိန်မှာ သူ့အဖေက မတော်တဆနဲ့ သူ့ ခြေထောက်ကို နင်းမိသွားတယ်။ သူ့ခများ တော်တော်လေး နာသွားတယ်။ သူ့ အဖေက မသိသလိုနဲ့ ဆက်သွားတော့ သူ့ အဖေကို သူပြန်ပြောတယ်။ ပါးပါး ကျွန်တော့ ခြေထောက်ကို နင်းပြီး sorry လို့လည်း မပြောဘူး၊ ငိုသံပါပါနဲ့ပေါ့။ အဲဒါနဲ့ သူ့အဖေက sorry လို့ ပြန်ပြောတော့ သူအငိုတိတ်သွားတယ်။ ခြေထောက် ဘယ်လောက်ဘဲ နာနာ သူလိုချင်တဲ့အရာ၊ သူကြားချင်တဲ့ စကားကို ကြားလိုက် ရတော့ စိတ်ချမ်းသာသွားတယ်။ ကလေးတွေ ဆိုပေမဲ့လည်း သူတို့မှာ သည်းခံ၊ စာနာ၊ နားလည် ဂန်ခံတတ်ပြီး ခွင့်လွှတ် တတ်တဲ့ စိတ်ထားလေး ကိုယ်စီ ရှိကြတယ်။

ကလေးများ အရေးပါပုံ။ ။ဆားမပါတဲ့ ဟင်းချို တစ်ခွက်ကို မြည်းကြည့်လိုက်ပါ။ အရသာ ဘယ်လိုရှိသလဲဆိုတာ မြည်းသူ ကိုယ်၌က သိသွားလိမ့်မယ်။ အိမ်တစ်အိမ်မှာလည်း အဲဒီလိုပါပဲ၊ ကလေးတွေ ရှိမှသာ အိမ်ထောင် တခု တည်မြဲမယ်။ စိုစိုပြေပြေလည်းရှိမယ်။ ဒါပေမဲ့ ဒီလိုပြောတော့ လက်ခံတဲ့ သူ ရှိသလို လက်မခံတဲ့ သူတွေလည်း ရှိပါတယ်။ သို့ပေမဲ့ ကလေးရှိတဲ့ အိမ်တအိမ်နဲ့ ကလေး မရှိတဲ့ အိမ် ဒီနှစ်အိမ်ကို ယှဉ်ကြည့်လိုက်ပါ။ ကွာခြားမှုတွေ ရှိတာကို တွေ့မြင်ရမယ်။ တခါက မိသားစု တစုရှိတယ်။ အဖေ၊ အမေ နဲ့ ၁၀နှစ် အရွယ် သမီးလေး။ တရက်မှာ လင်မယားနှစ်ယောက် အကြီးအကျယ် ရန်ဖြစ်ပြီး အတူတူနေလို့ မရတဲ့ အခြေအနေထိ ဖြစ်သွားတယ်။ သူတို့ သမီးကလေးက ကလေး ဆိုပေမဲ့ သူ့မိဘတွေရဲ့ အခြေအနေကို သူသိနေတယ်။ အဲဒါနဲ့ ယောကျ်ားက အထုပ်အပိုးတွေနဲ့ အိမ်ပေါ်က အဆင်းမှာ သမီးလေးဖြစ်သူက အဖေ့ရဲ့ ခြေ နှစ်ဖက်ကို ဖက်ထားပြီး ဖေဖေ မသွားရဘူး။ သမီးနဲ့ မေမေကို မထားခဲ့ရဘူး။ သမီး ဖေဖေ၊ မေမေနဲ့ အတူနေချင်တယ်။ သမီး ဖေဖေနဲ့ မခွဲနိုင်ဘူး။ အဖေ သမီးနဲ့ မေမေကို ချစ်တယ် မဟုတ်လား။ သမီးတို့ကို မထားခဲ့ပါနဲ့။ သမီး ဖေဖေ့ကို သိပ်ချစ်တယ် ဆိုပြီး မျက်ရည် အပြည့်နဲ့ တတွတ်တွတ် ပြောနေတော့ သမီးလေးရဲ့ စကားကို ကြားပြီး မိဘဖြစ်သူတွေက တယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဖအေဖြစ်သူက အထုပ်အပိုးတွေကိုချ သမီးဖြစ်သူကို မေတ္တာအပြည့်နဲ့ ဖက်နမ်းပြီး လင်မယားနှစ်ယောက် ပြန်လည် သင့်မြတ်သွားခဲ့ပါတယ်။ ဒီနေရာမှာ ကြည့်မယ်ဆိုရင် ကလေးတွေဟာ အိမ်ထောင် မိသားစု တခု အတွက် သိပ်ပြီး အရေးပါ ပါတယ်။ ရွှေ၊ ငွေ တွေနဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ ကောင်းကင်ဘဏ္ဍာလေးတွေပါ။ သိပ်ကို တန်ဖိုးကြီးတဲ့ သူတွေပါ။ ကျမ်းစာ ထဲမှာ ပြောထားတယ်။ ဆာလံ ၁၂၇း၃ ဘွားမြင်သော သားသမီးတို့သည် ထာဝရ ဘုရားဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။

ကျွန်မနှင့် ကလေးဘဝ။ ။မောင်နှမတွေထဲမှာ ကျွန်မက အငယ်မ ဖြစ်ပါတယ်။ မိသားစု နှစ်ဖက်စလုံးမှ အငယ်ဆုံးလေးဖြစ်တော့ အားလုံးက ဝိုင်းချစ်ကြတာပေါ့။ အဲဒီလို အချစ်ပိုတော့ လူကလည်း စွာသလား မမေးနဲ့။ အစ်ကို အစ်မတွေကို အနိုင်ကျင့်တာ အသားကုန်ဘဲ။ တခါတလေ သူတို့က မခံနိုင်တော့ လူကြီးတွေ မရှိတဲ့ အချိန်မှာ ကျွန်မကို ပြန်ပြီး ကလဲ့စားချေတယ်။ လူကြီးတွေပြန်လာတော့ သူတို့ အတိုင်ခံ ရတယ်။ စကားလည်းပြောတတ်၊ ချွဲလည်း ချွဲတတ်ဆိုတော့ သူတို့တွေ ပြန်ခံရတယ်။ အဲဒီ အချိန်မှာ ရွာမှာက မူကြိုပဲ ရှိသေးတယ်။ မူလတန်းကျောင်းက တခြားရွာမှာ ၁၅မိနစ်လောက် သွားရတယ်။ ကျွန်မက မူကြိုအရွယ်လေး။ မူကြိုတက်တဲ့ အချိန်မှာ ကျွန်မရဲ့ နေ့လည်စာက အမေ့နို့ရည်လဲ။ ၅နှစ်အထိ မူကြိုတက်ခဲ့တယ်။ ၅နှစ်အထိ အမေ့နို့ရည် သောက်ခဲ့ရတယ်။နောက်တော့ အမေလည်း မတတ်နိုင်တော့ နွားနို့၊ ဆိတ်နို့ ဝယ်လာပြီး မနက်တိုင်း သောက်ခိုင်းတော့ အမေ့ နို့ဖြတ်ခဲ့ရတယ်။ နို့တွေသောက်တာ များသွားလားမသိဘူး။ အခုချိန်မှာ နို့နံ့ရရင် အန်ချင်လာတယ်။ သောက်ဖို့ မပြောနဲ့ အနံ့တောင် မခံနိုင်တော့ဘူး။ မူလတန်းရောက်တော့ အစ်မနဲ့ အတူတူ ကျောင်းသွားခဲ့တယ်။ ဂမ်းကွဲ အစ်မ တစ်ယောက်လည်း ပါတယ်။ သူမက ကျွန်မနဲ့ ၁တန်း အတူတူပေါ့။ အဲဒါနဲ့ တရက်မှာ ကျွန်မတို့ အတူတူ ကျောင်းသွားကြပြီး ရွာစပ်နား ရောက်တော့ နားကြတယ်။ အဲဒီ အချိန်မှာ ကျွန်မ အစ်မနဲ့ သူ့သူငယ်ချင်းတွေက ကျွန်မနဲ့ ဂမ်းကွဲအစ်မကို နပန်းလုံးဖို့ ဆွပေးကြတယ်။ ကလေးဆိုတော့ ဒီလို ဆွပေးတဲ့သူ ရှိရင်ပိုကြိုက်တာပေါ့။ အဲဒါနဲ့ ကျွန်မတို့ နှစ်ယောက် နပန်းလုံးကြတယ်။ ကျွန်မက မြေဩဇာ ပိုကောင်းတော့ အားပိုကြီးတယ်။ ပြီးတော့ အစ်မနဲ့ သူ့သူငယ်ချင်းတွေက ကျွန်မ ဘက်မှာဆိုတော့ ပိုဆိုးတာပေါ့။ အဲဒါနဲ့ သူက ကျွန်မကို မနိုင်တဲ့ အပြင် အစ်မတွေက ကျွန်မကိုပြောတယ် သူ့ကို ပျိုးခင်းထဲ တွန်းထည့်လိုက်ဆိုပြီး ကျွန်မက အစ်မတွေရဲ့ ပြောစကား နားထောင်တာပေါ့။ ကျောင်းရောက်တော့ အားလုံးပဲ အရိုက်ခံရတယ်။ ကျွန်မနဲ့ အစ်မဂမ်းကွဲက တချက်စီ။ အစ်မက ဆွပေးတဲ့သူ ဆိုတော့ ၂ချက်ခံရတယ်။ ကျွန်မ ကလေးဘဝမှာ အဲဒီ တခါဘဲ မှတ်မှတ်ရရ ကြိမ်လုံးစာ မိတယ်။ အိမ်မှာ ပြောတာ။ ကျောင်းမှာတော့ စာမရရင် အရိုက်ခံရစမြဲပါ။ တခါတလေတော့ ခံပြောလို့၊ နားကောက်လို့ အဆူခံရတယ်။ အမေမွေးပေးတာ နားနှစ်ဘက်စလုံးပါတယ်။ တခါတလေ ချွေတာရေး လုပ်ပြီး တစ်ဖက်ပဲ သုံးတတ်ပါတယ်။ ဒါပေမဲ့ Naughty Girl လေးတော့ မဟုတ်ပါဘူး။ good Girl လေးပါ။ သုတ္တံ ၂၉း၁၅-၁၇ ကြိမ်လုံးနှင့် ရိုက်ခြင်း၊ နှုတ်နှင့်ဆုံးမခြင်း အားဖြင့် ပညာတိုးပွားတတ်၏။ တတ်တိုင်းနေစေ သော သူသည် အမိကို အရှက်ခွဲတတ်၏။ ၁၇ သင်၏ သားကို ဆုံးမလော့။ သို့ပြုလျှင် သူသည် သင့်ကို ချမ်းသာပေးမည်။ ထိုမျှမက စိတ်ရွှင်လန်းစရာ အခွင့်ကိုပေးမည်။

အဲဒီလိုပဲ ကလေးဆန်တာ တင်းလည်း မရသလို လျော့လို့လည်း မဖြစ်ဘူး။ အလို လိုက်မိခဲ့ရင် အမိုက် မီးပွားတတ်တာက ထုံးစံပဲ။ အဲဒါကြောင့် သားလိမ္မာ၊ သမီး အလိမ္မာ လေးတွေ ဖြစ်လာဖို့ အတွက်လည်း ကျွန်ုပ်တို့ မိဘတွေမှာ တာဝန်ရှိပါတယ်။ အားနာရင် ခါးပါ တတ်သလို သူတို့ရဲ့ ဆိုးတဲ့ အပြုအမူတွေ အတွက် လျစ်လျူရှု ထားခဲ့ရင် သားသမီး မကောင်း မိဘခေါင်းဆိုတဲ့ မြားဦး ကျွန်ုပ်တို့ ဆီကို ပြန်လှည့်လာမှာ



သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်။ အမှတ်စဉ် ၁၄၆ အောက်တိုဘာလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

သေချာ ပါတယ်။ ပြောစရာရှိရင် ပြောရမယ်။ သွန်သင် ဆုံးမစရာ ရှိရင် ဆုံးမရမယ်။ တား စရာရှိရင် တားရမယ်။ နားထောင်နိုင်တဲ့ စွမ်းရည် သူတို့မှာ အပြည့်အ၀ ရှိကြပါတယ်။ ကိုယ့် ကလေးကို အလိုလိုက်လွန်းရင်တော့ သူတို့ရဲ့ အနာဂတ်ကို ပျက်စီးအောင် တွန်းအားပေးတာနဲ့ အတူတူပါပဲ။ သုတ္တံ ၂၂း၆ သူငယ်သွားရာ လမ်း၀၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည် အိုသောအခါ ထိုလမ်း၌ မလွှဲ၊ လိုက်သွားလိမ့်မည်။ ကောင်းကင် ရတနာလေးများ ဖြစ်ကြတဲ့ သားသမီး အယောက်စီတိုင်း အပေါ် ဘုရားရှင်ရဲ့ ကောင်းကြီးမင်္ဂလာ များစွာကို ခံစားရရှိရင်း အနာဂတ်ရဲ့ ကြယ်ပွင့် ကလေးများ ဖြစ်လာနိုင်ကြပါစေ။ ။ သခင်ယေရှု၏ မေတ္တာတော်မြတ်၌ ( Po law eh )

---

## လူအမျိုးမျိုးလင်းစရာ (The Light of the Gentile)



ငါ ထာဝရဘုရားသခင်သည် သင့်ကို တရားသဖြင့် ခေါ်ထားသည် ဖြစ်၍ လက်စွဲ လျက် ထောက်မမည်။ သင်သည် ကန်းသော မျက်စိတို့ကို ဖွင့်စိမ့်သောငှါင်း၊ ချုပ်ထားသော သူတို့ကို လွှတ်စိမ့်သောငှါင်း၊ မှောင်မိုက်၌ နေသောသူတို့ကို အမိုက်ထောင်ထဲက နှုတ်ယူစိမ့်သောငှါင်း သင့်ကိုလူများနှင့် ပဋိညာဉ် ဖွဲ့စရာဘို့ လူ အမျိုးမျိုး လင်းစရာအဖို့ ခန့်ထားမည်။ (ဟေရှာ၊၄၂း၆-၇)။ ကျွန်ုပ်တို့ လူသားများ နေထိုင်ရန် ကမ္ဘာကို ဖန်ဆင်းခြင်း (၆)ရက်အကြောင်း ပထမဆုံးနေ့ ဖေါ်ပြချက်၌ ဘုရားသခင်က "အလင်းဖြစ်စေ"ဟု ဖေါ်ပြထား၏။ လောက၌ အသက်ရှင်ရာတွင် အလင်းသည် အရေးကြီးဆုံး အရာများထဲမှ တစ်ခု ဖြစ်သည်။ "အလင်း" ဟူသော ၀ေါဟာရ ကို အမျိုးမျိုး အတွက် အသုံး ပြုကြပါသည်။ စက္ကူ အမြင် အလင်း၊ လောကဓါတ် အလင်း၊ လူတို့ တီထွင် ကြသော လျှပ်စစ်မီး အလင်း၊ ပညာ အလင်း၊ ဘုရားသခင်၏ ဘုန်းတော် ရောင်ခြည် အလင်း (ဂိညာဉ်အလင်း) စသည်တို့ ရှိပါသည်။ လူကို ဘုရားသခင် ဖန်ဆင်းစ ချိန်ခါ၌ လူသည် အပြစ်မရှိ၊ ဘုရားသခင်၏ အလင်း၌ ကျင်လည်သွားလာခဲ့ပါသည်။ သို့သော် ဘုရားစကား နားမထောင်၊ အပြစ် ရှိလာပြီးနောက် ဘုရားနှင့် ဝေးကွာခဲ့၏။ ဘုရား၏ အလင်း၌ မရှိတော့ဘဲ အမှောင်ကမ္ဘာသို့ ရောက်ရှိသွားသည်။ မိတ်ဆွေနှင့် ကျွန်ုပ် တို့သည် အာဒံမျိုးရိုးမှ ဆင်းသက်လာရာ မွေးစ ကတည်းက အမှောင်ထဲ ရောက်ရှိ နေသည်။ ထို့ကြောင့် ဂိညာဉ်အရာကို နားမလည်နိုင်။ (၁ကော၊၂း၁၄)။ ဂိညာဉ်အလင်း ရရန် လို၏။ လူ့ဇာတိအဖြစ် ခံယူခဲ့သော ယေရှုဘုရားသည် အလင်းရှင် ဖြစ်၏။ ထာဂရ အသက်ကို ပေးပိုင်၏။ "ထို နှုတ်ကပတ်တော်၌ အသက် ရှိ၏။ ထို အသက်သည်လည်း လူတို့၏ အလင်း ဖြစ်၏။ ထိုအလင်းသည် မှောင်မိုက်၌ လင်း၍ မှောင်မိုက်သည် မခံ မယူ။"(ယော၊၁း၄-၅) ခရစ်တော်ကို ယုံကြည် သူသည် အသက်၏ အလင်းကို ရ၏။ အပြစ်၏ ချုပ်နှောင်မှုမှ ကင်းလွတ်၏။ ယုံကြည်သူများသည် မှောင်မိုက်မှ ရွေးနှုတ်ခဲ့၍ အလင်းတော်အကြောင်းကို မိမိ နှုတ်အားဖြင့်၎င်း၊ မိမိ၏ ကောင်းသော အကျင့် စာရိတ္တ၊ အပြုအမူဖြင့်၎င်း ပြသရန် လိုသည်။ ခရစ်တော်ကို မသိရှိသေးသူတိုင်း ထိုအသက်၏ အလင်းကို ရရှိရန် အလင်းကို သယ်ဆောင် ဝေငှသူ၊ အလင်းအကြောင်း သက်သေခံသူများဖြစ်ကြပါစို့။ အိုအဖ ကိုယ်တော်ကို ယုံကြည်ခြင်းအားဖြင့် အသက်၏ အလင်းကို ရရှိခွင့်ရသောကြောင့် ကျေးဇူး တင်ပါ၏။ ကိုယ်တော်၏။ အလင်းကို ထပ်ဆင့် ဝေငှ၍ ကိုယ်တော့်ဘုန်း ထင်ရှား စေရန် အသက်တာကို ဆက်ကပ်ပါ၏ (အာမင်)။ ။ Brother Hao Yang

---

## ငါးပိထောင်း သာသနာ *အန်တီတစ်ဦး ( ထာဝရစက်ာပူ )*

ထာ၀ရဘုရားကို စိတ်နှလုံးမကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။ သုတ္တံ ၃း၅

*ပွဲစားဆီရောက်နေသော ညီမများသို့ -*

အန်တီက ဘူးကစ်ဘတော့ (Bukit Batok) ဆိုတဲ့ စင်္ကာပူ တစ်နေရာက စာရေးလိုက်ပါတယ်။ ဘယ်မှာ နေလဲလို့ ညီမတွေ မေးရင် ညီမတွေလဲ သွားလာခွင့်မရလို့ သိမှာ မဟုတ်တဲ့ အတွက် အဝေးကြီးဘဲမို့ ဖြေနေကျမို့လို့ပါ။ ညီမတွေ ပွဲစားရုံးမှာ တနေ့တနေ့ သွားထိုင်ရင် အန်တီက အမြဲဖြတ်သွားပြီး မှန်အပြင်ကနေ ကြည့်လေ့ရှိတယ်။ ညီမတွေကတော့ မသိပါ ဘူး။ အိမ်သာနားမှာလဲ မဂဲရ။ Do not loiter ရေးထားတဲ့ ကြားထဲက သွားဖြစ်အောင် သွားပြီး ဗမာရုပ် ပေါက်တဲ့လူ ဗမာစကားပြောတဲ့လူတွေကို သွားရှာလေ့ရှိတယ်။ အင်ဒိုနီးရှား လူတွေနဲ့ ခွဲမရအောင် တူနေရင်လဲ ဗမာလို့ အမေးခံရလို့ ကြောင်သွားပြီး ဟုတ်ကဲ့ မဖြေမိဘဲ Yes Mam တွေ ဘာတွေထွက် ကုန်တယ်။ ပြီးမှ ဗမာပြည် ကလား ဘာလား ညာလားနဲ့ စကားတွေ ပြောဖြစ်တယ်။ ပြီးမှ ပါလာတဲ့ အစား အသောက်တွေ ဝေပေးလေ့ရှိတယ်။ တချို့ကလဲ ဘာကြောင့် ဝေလဲဆိုတာ မသိလို့ ကြောင်သွားတယ်။ Agent ဆူမှာစိုးလို့ တချို့လဲ မယူရဲကြဘူး။ အကြောင်းသိသွားတဲ့ ညီမတွေကိုတော့ ဘယ်နေ့ ဘယ်အချိန် လာမယ်။ အိမ်သာကို ထွက်ခဲ့လို့ မှာထားပြီး ချိန်းထားကြတယ်။ ဒီလိုနဲ့ ညီမတွေနဲ့ ဆက်မိ သွားတယ်။ ဒီနည်းနဲ့ ညီမတွေနဲ့ တွေ့ခွင့် စကားပြောခွင့် ရှာယူရတယ်။ ပါလာတဲ့ သခင့်စကား စာစောင်တွေလဲ ပေးဖြစ်တဲ့အခါ ပေးဖြစ်တယ်။ ဖတ်ပြီး ခွန်အားရတယ်လို့ feedback ပြန်လာတဲ့အတွက် ဝမ်းသာပါတယ်။ အိမ်သာရှေ့မှာ တခွန်းနှစ်ခွန်း ပြောရုံနဲ့ မလုံ လောက်လို့ ည ရနာရီ Ferry စောင့်နေတဲ့ သစ်ပင်အောက်မှာ စကားပြောဖြစ်အောင် တခြားကား မစီးဘဲ အဲဒီ သစ်ပင်အောက် ဖြတ်ရတဲ့ ၁၆၁ ကိုဘဲ စီးမိတယ်။ အဲဒါမှ ညီမ တွေနဲ့ စကားပြောခွင့် နည်းနည်းထပ်ရမှာပါ။ ferry လာရင်တော့ ချက်ချင်းရပ်ပြီး ကားပေါ် တက်ကြရတာပဲ မဟုတ်လား။ အဲဒီမှာ ညီမတွေရဲ့ ဇာတ်လမ်းအစုံ ဒုက္ခ သုက္ခတွေကို ပြောဆို ဖလှယ်ခွင့် ရတော့တယ်။ ပထမ အဆင်မပြေသော်လည်း နောက် အဆင်ပြေတဲ့ လူတွေရှိလို့ ဝမ်းသာရပါတယ်။ ဘာကြောင့် ဒီဗမာ အစားအစာ ငပိထောင်း၊ ငပိကျော်၊ ပဲကြော်တွေ ပေးလဲ မွေးနေ့လားလို့လဲ မေးကြပါတယ်။ ခရစ်ယာန်တွေ ပါရင်တော့ သူတို့ကို ဘဲ ရှင်းပြခိုင်းလိုက်ပါတယ်။ ရှင်းပြဖို့လည်း အချိန်တွေလဲ မရဘူး မဟုတ်လား။ ကားလာတာ နဲ့ ပြေးတက်ကြရတော့မယ်။ အကြမ်းဖျင်းတော့ ဒုက္ခရောက်နေတဲ့ သူတွေကို ကူညီရမယ်လို့ သွန်သင်ထားတဲ့ ခရစ်ယာန်တရားကြောင့်ပါ ဆိုတာလဲ မရှင်းပြဖြစ်ပါဘူး။ ဒါကြောင့် ဒီစာ နဲ့ဘဲ စကားပြောတဲ့ သဘောပါ။ အစားအသောက်တွေပေးတာ အေးဂျင့်က မကြိုက်လို့ အန်တီလည်း တိုးတိုးတိတ်တိတ် လိုက်ပေးရပြီး စားတဲ့အခါလည်း ကွယ်ပုက်ပြီး စားနေရတဲ့ အခါတိုင်း စင်္ကာပူမှာရှိတဲ့ အစ်မတွေ၊ အဒေါ်တွေဟာ ညီမတွေရဲ့ ဒုက္ခကို နားလည်ပါ တယ်။ ကိုယ်ချင်းစာပါတယ်။ မျှဝေခံစားပြီး ကိုယ်ထိလက်ရောက် ကူညီဖို့လဲ မဖြစ်နိုင်လို့ ဒီ ငါးပိထောင်းလေး၊ ငါးပိကြော်လေးနဲ့ပဲ မေတ္တာပြ ကူညီတာပါ။ အမြဲဆုတောင်းပေးတယ် ဆိုတာကိုလည်း သိစေချင်ပါတယ်။ အသစ်ရောက်လာတဲ့ ညီမတွေကိုလည်း ကြိုဆိုချင်တာ ပါ။ အဆင်မပြေ မျက်ရည်နဲ့ နေနေရတဲ့ ညီမတွေလဲ တဒင်္ဂ ပျော်ရွှင်မှုရပြီး မျက်ရည်ခဏ စဲ သွားတယ်လို့ သိရတဲ့ အတွက်လဲ ဆက်လက်ကူညီဖို့ တွန်းအားပေးနေသလိုပါဘဲ။ ရတဲ့ အစား အစာလေးကိုဘဲ အန်တီ မရောက်နိုင်တဲ့ China Town က ညီမတွေနဲ့ပါ မျှ ဝေစားတာ သိရလို့ ဝမ်းသာပါတယ်။ အိမ်ရှင်အိမ်မှာ အဆင်ပြေသွားတယ်လို့ ကြားရတဲ့ အတွက်လည်း ဝမ်းသာပါတယ်။ အပြင်ထွက်ရတဲ့ တနေ့မှာတော့ မိမိနဲ့နီးတဲ့ ဘုရား ကျောင်းမှာ သွားဖြစ်အောင် သွားလိုက်ပါလို့ဘဲ မှာလိုက်ပါရစေ။ စုပေါင်းလုပ်အား ငွေအားနဲ့ လှူကြတဲ့ အစ်မများ အတွက်လည်း ဆုတောင်းပေးကြပါလို့ တောင်းပန်ပါတယ်။

တမန်တော် ၁၇း၂၈ - ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက် လှုပ်ရှားလျက် ဖြစ်လျက် ရှိကြ၏။ ။ **အန်တီတစ်ဦး** ( ထာဝရစင်္ကာပူ )

---

## ကောင်းကင်မရောက် *(ဆိုး)*



တစ်ခါတုန်းက အသင်းတော်တစ်ပါးမှာ အိုမင်း နေတဲ့ ဘုန်းတော်ကြီး တစ်ပါး ရှိသတဲ့။ ဘုန်းတော်ကြီးက ဂုဏ်တော် ချီးမွမ်းတဲ့အခါ အင်မတန် စိတ်ပါလက်ပါ ရှိတာကြောင့် ခရစ်စမတ် အချိန်ရောက်လျှင် အလွန်လဲ ကြိုးစားပြီး သီချင်းဆိုသတဲ့။ သို့သော် အသင်းသား ပရိတ်သတ်တွေက သူ့ရဲ့ အသံကြီးကို ငြီးငွေ့နေပါပြီ။

ခေတ်မမီတော့သလို အင်မတန်မှ ရှေးကျလှတယ်ဆိုပြီး နားမထောင် ချင်တော့ဘူးတဲ့။ ဒါနဲ့ ခရစ်စမတ်နေ့ ရောက်တဲ့အခါ သူ့ကို မေတ္တာရပ်ခံပြီး အစီအစဉ်ထဲမှာ ဂုဏ်တော် ချီးမွမ်းခွင့် မပေးတော့ဘူး။ သူ့အစား အဝေးက ခေါ်လာတဲ့ ကာလပေါ် အဆိုတော်တွေနဲ့ တီးပိုင်းကြီးကို ငှါးရမ်းပြီး အစားထိုး သီဆိုစေတယ်တဲ့။ အဲဒီအခါ ပရိသတ်များလည်း မှတ်မိကြတာပေါ့။ ပျော်လိုက်ကြတာမှ အရမ်းပဲတဲ့လေ။ အဲဒီ ညမှာတော့ ကောင်းကင်တမန်က အသင်းတော်ဥက္ကဋ္ဌဆီ လာပြီးတော့ ... "ဥက္ကဋ္ဌကြီး.. ဒီကနေ့ည ဘာဖြစ်လို့ ဂုဏ်တော်ချီးမွမ်းခြင်း မလုပ်တာလဲ.." "ဟာ လုပ်တာပေါ့ဗျာ။ လုပ်တာမှ နာမည်ကျော် တေးသံရှင်နဲ့ တကယ့် စူပါတီးပိုင်းနဲ့ကို လုပ်ခဲ့တာပါ။ ပရိသတ်တွေ လက်ခုပ်သြဘာပေးလိုက်ကြတာ .. ဂက်ဂက်ကွဲပဲ.."

ကောင်းကင်တမန် သက်ပြင်းချပြီး ခေါင်းခါသတဲ့။ ပြီးတော့မှ.. "ဟုတ်ရဲ့လား ဗျာ။ ကျုပ်တော့ မကြားမိပါဘူး။" "ဟုတ်ပါတယ်ဗျာ။ ဒီမှာ လက်မှတ်တွေတောင် ရှိသေးတာပဲ.." " ဒါပေမယ့်.. အဲဒီ အသံတွေ ကောင်းကင်ဘုံကို ရောက်မလာဘူးဗျာ.."

ကောင်းကင်တမန် ပြန်သွားတဲ့အခါ အသင်းတော်ဥက္ကဋ္ဌကြီး ခမျာ၊ စိတ်ညစ်သွားတာပေါ့။ တကယ်တော့ သူတို့ သီချင်းဆိုကျူးတဲ့ မွေ့သီချင်းတွေက ပရိသတ်အတွက်၊ လူတွေအတွက်ပဲ ဖြစ်နေတာကိုး။ နှလုံးသားနဲ့ ဘုရားသခင်ကို ချီးမွမ်းတာ မဟုတ်တော့.. ကောင်းကင်ဘုံကို မရောက်နိုင်ဘူးဆိုတာ သိလိုက် ရတော့သတဲ့။ ကျွန်တော်တို့ အားထုတ်ပြုလုပ်သမျှ အမှုအရာတွေကို စိတ်နှလုံး ပါလျက်၊ ပူဇော်သက္ကာ ဖြစ်ဖို့တော့ လိုအပ်ပါတယ်။ အဲဒါလေး နှိုးဆော်ချင်တာပါ။ ။

အစဉ်သဖြင့် - ဆိုး



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၄၆ အောက်တိုဘာလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

## ခရစ်တော်၏ရုပ်ပုံလွှာ-၁၀(ဘုရားသခင်၏နှုတ်ကပါတ်တော်) *မင်းအောင်သက်လွင်*

ဘုရားသခင်၏ နှုတ်ကပါတ်တော်ဟူသော အမည်ရှိ၏။ ဗျာဒိတ် ၁၉း၁၃။ သမိုင်း အထောက်အထားများအရ ကလောင် တစ်လက်သည် ဒါးတစ်စင်း ထက် ပို၍ အစွမ်း ထက်ကြောင်း သိရှိရပါသည်။ စာလုံးတစ်လုံးက အင်ပါယာကြီးကို လှုပ်ခါသွားနိုင်ပါသည်။ စာသည် စစ်တိုက်ဖို့ရန် တာစူနေသည့် စစ်သွေးကြွ တပ်မ တော်ကြီးအား နူးညံ့ ပျော့ပြောင်းစေနိုင်ပါသည်။ စာသည် နှုတ်ဖြင့် လုံးဝဥသုံ မြွက် ကြားသူအား ကိုယ်စား ပြုပါသည်။ ထိုစာက အဆိုပါ ပုဂ္ဂိုလ်၏ ဘ၀အသက်တာကို ပင် ဖော်ထုတ်နိုင်စွမ်းရှိပါသည်။ ဂရိ စကားတွင် စကားလုံး အား အခြားစကား သုံးမျိုးဖြင့် အဓိပ္ပါယ် ဖွင့်ဆို ထားပါသည်။



၁) စကားပြောသော အသံ။ ၂) အတွင်းစိတ်သဘော၏ အသံ
၃) ကျွန်ုပ်တို့၏ မူရင်းစာ တို့ဖြစ်သည်။

ဂရိ သမ္မာကျမ်းစာ ဓမ္မသစ်စာစောင်တွင် သုံးနှုန်းထားသော logos စကားလုံး သည် အလွန်ထူးမြတ်သော စကားလုံး ဖြစ်သည်။ ၎င်းသည် အတွေး အာရုံများ၏ ဖော်ပြ ချက်နှင့် အသိပညာတို့ ပေါင်းစပ်ထားခြင်းကို ဆိုလိုပါသည်။ အဓိပ္ပါယ်မှာ စကားလုံး သည် သဘောတရား (သို့) အကြံအစည် တစ်ခုခုကို ရုပ်လုံးဖော်ခြင်း ဖြစ်သည်။ ထို စကားလုံးအား အင်္ဂလိပ် ဘာသာဖြင့် အလွယ် တကူ ဘာသာ ပြန်၍ မရနိုင်အောင် နက်နဲ ပါသည်။ ယောဟန် ၁း၁ အစအဦး ၌ နှုတ်ကပါတ်တော် ရှိ၏။ နှုတ်ကပါတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပါတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။ နှုတ်ကပါတ်တော်ဟု ဆိုရာ၌ ဘုရားသခင်၏ အသံ တော်ကို ဆိုလိုခြင်း ဖြစ်သည်။ ရှေးကပ်ကာလ ဓမ္မဟောင်း ကာလတွင် ရှေးဘိုးဘေး ယုံကြည်သူများအား ဘုရားသခင်က ပရောဖက် များအားဖြင့်၎င်း၊ နည်းမျိုးစုံဖြင့်၎င်း လမ်းပြသွန်သင် ဆုံးမခဲ့ပါသည်။ သို့သော် ယခု ကဲ့သို့သော နောက်ဆုံးသော ကာလ တွင် ဘုရားသခင် သည် သူ၏ သားတော် အားဖြင့် စကားပြော သွန်သင်ခဲ့ပါသည်။

*ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ် ထပ် အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံးသော ကာလ အခါ မိမိ သားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ ဟေဗြဲ ၁း၁*

ပရောဖက်အားဖြင့် ဟောကြား သွန်သင် လမ်းပြသော ခေတ်သည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားရာမှ ယခုအခါတွင် ဘုရားသခင်သည် မိမိ၏ ကြီးမြတ်အဖိုးတန်သော စကားကို သားတော်အားဖြင့် သွန်သင်လျှက် ရှိပါသည်။ ခရစ်တော်သည် ဘုရားသခင်နှင့် လူသားအကြားတွင် အံ့မခန်းဖွယ်ရာ တုနှိုင်းမမှီသော ပေါင်းကူးတံတား၊ ဆက်သွယ်ရေး စနစ်ဖြစ်ပါသည်။ ခရစ်တော်အားဖြင့် ဘုရားသခင် သည် လူသားများ အား မိမိ၏ အသက်ရှင်သည့် အသစ်သော ဘာသာစကားကို ပြောကြားပါသည်။ ဘာသာ စကား၏ အသက် အခြေအမြစ်သည် ခရစ်တော်ပင် ဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်နှင့် လူသားများအကြား အဆက်ဆက် များဖြင့် ဆက်သွယ် ပေးပါသည်။

ဗျာဒိတ်ကျမ်းတွင် နှုတ်ကပါတ်တော်သည် မိမိ၏ ၀တ်ရုံအား အသွေးတွင် နှစ်သည် ဟု ဆိုထားပါသည်။ ခရစ်တော်၏ သေခြင်းနှင့် ကိုယ်စားခံခြင်းအား ပြန်လည် သတိရစေပါသည်။ လက်ဝါးကပ်တိုင်တော်သည် ပုန်ကန်သော အပြစ်သားများ လွတ်ငြိမ်း ချမ်းသာခွင့် ရစေသည့် အမှတ်တံဆိပ် လက္ခဏာပင် ဖြစ်ပါသည်။

နှုတ်ကပါတ်တော်အားဖြင့် ခရစ်တော်က ဘုရားသခင်အား မြင်သာ စေပါသည်။ နှုတ်ကပါတ်တော်သည် အခြားတစ်စုံတစ်ယောက်၏ စိတ်ကူး အထင် အမြင် ယူဆ တွေးတောချက်များကို ဖော်ပြပေးနိုင်ပါသည်း။ မြူတန်။ တန်နီဆန်။ ရှိတ်စပီးယား၊ အိုင်စတိုင်း တို့အားဖြင့် ရာစုနှစ်များ ပိုင်းခြားသွားသော်လည်း သူတို့ ပြောခဲ့သော နှုတ်ကပါတ်တော် စကားလုံးများအားဖြင့် သူတို့၏ အတွေးအမြင်နှင့် အယူအဆ များကို ဖော်ပြ သွားခဲ့ပါသည်။ ဘုရားသခင်၏ နှုတ်ကပါတ်တော်အနေဖြင့် ခရစ်တော် သည် ဘုရားသခင်၏ စိတ်နှလုံးသားကို ပုံဖော်ခဲ့ပါသည်။ ဘုရားသခင်၏ မသိနိုင် မမြင်နိုင်သော လျှို့ဝှက်သည်းဖို ဇာတ်လမ်းများကို ဖွင့်လှစ်ပြသခဲ့ပါသည်။ ဘုရားသခင်၏ ခမ်းနားထည်ဝါခြင်း။ ကြီးမြတ်ခြင်း။ သနားကြင်နာခြင်း များကိုလဲ ဖော်ထုတ် ခဲ့ပါသည်။ စကြာဝဠာနှင့် လူသားတို့ထက် သာလွန်ကောင်းမွန်သော ဘုရားသခင်၏ ဂုဏ်ပုဒ် များကို ဖော်ထုတ်သွားခဲ့ပါသည်။

ရောမနိုင်ငံတွင် အနုပညာရှင် ဂူဒို ရေးဆွဲထားသည့် လှပကျော့ရှင်းသော ရောမတို့၏ အရုဏ်နတ်သမီး ဆေးရေးပန်းချီကားကို အလွန်မြင့်လှစွာသော အဆောက်အဦး မျက်နှာကျက်ပေါ်တွင် ရေးဆွဲတပ်ဆင်ထားပါသည်။ ထိုပန်းချီကားကို ကြည့်လိုသော ပရိတ်သတ်များနှင့် ကမ္ဘာလှည့် ဧည့်သည်များသည် မိမိတို့၏ ဦးခေါင်း တည့်တည့်ပေါ်သို့ ခေါင်းလှန်၍ ဇက်ကျိုးမတတ် မော့ကြည့်သော်လည်း အလွန်မြင့်လှသော မျက်နှာကျက်ကြောင့် ရုပ်လုံးကို သဲသဲကွဲကွဲ မမြင်ကြရချေ။ ထို့ကြောင့် နန်းတော် ပိုင်ရှင်က မျက်နှာကျက်အောက် တည့်တည့်၏ ကြမ်းပြင်ပေါ်တွင် ရောမ မှန်တစ်ချပ်ကို တပ်ဆင်လိုက်ရာ မျက်နှာကျက် အပေါ်တည့်တည့်မှ နတ်သမီးရုပ်သည် ကြမ်းပြင်ပေါ်တွင် ထင်ဟပ်လာရာ ပရိတ်သတ်များက အနီးကပ် ဒူးထောက် ထိုင်ကြည့်ကာ ရှင်းရှင်းလင်းလင်း မြင်ရလေတော့သည်။ ထိုနည်းတူ ခရစ်တော် တည်းဟူသော ကြေးမုံမှန်သားပြင်က ကျွန်ုပ်တို့ လူသားများ မမြင်နိုင်သော မသိရ သော ဘုရားသခင်၏ နက်နဲသော သဘောသဘာဝကို ရုပ်လုံးဖေါ် ပေးခဲ့ပါသည်။

ရှင်ယောဟန် ရေးသားသော ခရစ်ဝင်ကျမ်းတွင် နှုတ်ကပါတ်တော်နှင့် ပါတ်သက်သော အချက်ကြီး ၅ချက်အား ရှင်းလင်းထားပါသည်။

၁) ခရစ်တော်၏ ထာဝရတည်ရှိခြင်း
၂) ဘုရားသခင်နှင့် အတူတကွ ပေါင်းသင်းဆက်ဆံခြင်း (ဘုရားသခင်နှင့်အတူရှိခြင်း)
၃) ခရစ်တော်ကိုယ်တိုင် ဘုရားစင်စစ် ဖြစ်ခြင်း
၄) ခရစ်တော်၏ လုပ်ဆောင်ချက်များ
၅) ခရစ်တော်၏ အံ့သြဖွယ်ရာ လူ့ဇာတိ ခံယူခြင်း တို့ဖြစ်ပါသည်။

ခရစ်တော် အသေခံတော်မူခြင်း မတိုင်ခင် နှစ်အနည်းငယ်က logos ဆိုသော စကားစု ၏ အဓိပ္ပါယ်ကို ဂျူးနှင့် ဂရိဘာသာစကားဖြင့် အနက် ချဲ့ဖွင့်ရာတွင် ငွေ ရေး ကြေးရေး။ ဆက်သွယ်ရေး ကဏ္ဍများပါ ပါဝင်ကြောင်း သိရှိခဲ့ရပါသည်။ ခရစ်တော်သည် ထိုနှုတ်ကပါတ်တော် ဆိုသော ဝေါဟာရ စကားလုံးထက် များစွာ သာလွန်သည့် ပြည့်စုံသော အဓိပ္ပါယ်ကို ပုံဆောင်ပါသည်။

အသက်ရှင်သော နှုတ်ကပါတ်တော်
ကျွန်ုပ် သင်ခံယူသော ဘဝနှင့် သာသနာ လုပ်ငန်းအတွက်
ကိုယ်တော်၏ ထွန်းတောက်ခြင်းကို ဖွင့်ပြပါ။
ကျွန်ုပ်နှလုံးသားမှ နားလည်စေပါ။ ။ **မင်းအောင်သက်လွင်**

(ဝန်ခံချက်။ - ဟန်နရီ ဂရာဗီ ရေးသားသော Word အား ဆီလျော်အောင် မြန်မာ ဘာသာ ပြန်ဆို ပါသည်။)

---

## (ဆရာတဲ့လား) *ကာတွန်း - မင်းအောင်သက်လွင်*






မည်သူမဆို စာမူများရေးသားပေးပို့နိုင်ပါသည်။ email ; thelordword@gmail.com။ ယခင်လိပ်စာဖြင့် လုံးဝ မပို့ပါရန် အသိပေးအပ်ပါသည်။
အိမ်လိပ်စာပြောင်းထားပါသဖြင့်စာတိုက်မှတဆင့်ပို့လိုသူများ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ အားမေးမြန်းစုံစမ်းပါရန် အသိပေးအပ်ပါသည်။
Facebook: lord's word. www.thelordword.com